## အများပြည်သူ အသိပေးပန်ကြားချက်

ဘက်တဲလ်ခရိမြို့သယ်ယူပို့ဆောင်ရေး (BCT) သည် ဇူလိုင်လ ၁ ရက်၊ ၂၀၂၂ ခုနှစ်မှစ၍ အသက်ဝင်မည့် ကားခတိုးမြှင့်မှုအဆိုတင်ပြချက်အကြောင်း အသိပေးပန်ကြားချက်ပြုလုပ်ခြင်းဖြစ်ပါသည်။ BCT သည် ၂၀၀၃ ခုနှစ်မှ၍ လက်ရှိ နှုန်းထားဖြင့် လုပ်ငန်းလည်ပတ်ခဲ့သည်ဖြစ်ပါသည်။ ပြီးခဲ့သော ၁၉ နှစ်တာကာလအတွင်း မြင့်မားလာသည့် လုပ်ငန်းလည်ပတ်မှု ကုန်ကျစရိတ်များအား ထည့်သွင်းစဉ်းစားခြင်းကြောင့် ဤအဆိုပြုတင်ပြချက်ဖြစ်ပေါ်လာရခြင်း ဖြစ်ပါသည်။ အောက်ပါ ဇယားတွင် အဆိုပြုလိုသည့် ပြောင်းလဲမှုလျာထားချက်များ တင်ပြထားပါသည်။

| ကားခပုံသေသတ်မှတ်ချက်မှု | | | |
|---|---|---|---|
| **လက်ရှိ** | | **အဆိုပြုတင်ပြချက်** | |
| တစ်ကြိမ်စျေး | $ ၁.၂၅ | တစ်ကြိမ်စျေး | $ ၁.၇၅ |
| ကားခလျော့စျေး | $ ၀.၆၀ | ကားခလျော့စျေး | $ ၀.၈၅ |
| ပြောင်းစီးခွင့်လက်မှတ် | အခမဲ့ | ပြောင်းစီးခွင့်လက်မှတ် | အခမဲ့ |
| အရပ် ၄၂" အောက်ကလေးများ | အခမဲ့ | အရပ် ၄၂" အောက်ကလေးများ | အခမဲ့ |
| ၁၂ ကြိမ်စျေး (ပုံမှန်) | $ ၁၁.၀၀ | ၁၂ ကြိမ်စျေး (ပုံမှန်) | $ ၁၅.၀၀ |
| ၁၂ ကြိမ်စျေး (လျော့စျေး) | $ ၆.၀၀ | ၁၂ ကြိမ်စျေး (လျော့စျေး) | $ ၈.၀၀ |
| ၄၈ ကြိမ်စျေး (ပုံမှန်) | $ ၄၀.၀၀ | ၄၈ ကြိမ်စျေး (ပုံမှန်) | $ ၅၆.၀၀ |
| ၄၈ ကြိမ်စျေး (လျော့စျေး) | $ ၂၄.၀၀ | ၄၈ ကြိမ်စျေး (လျော့စျေး) | $ ၃၄.၀၀ |
| ၄၈ ကြိမ်စျေး (ကျောင်းသား) | $ ၃၂.၀၀ | ၄၈ ကြိမ်စျေး (ကျောင်းသား) | $ ၄၅.၀၀ |
| TripTiks (တစ်ဦးခြင်းစျေး) | $ ၁.၂၅ | TripTiks (တစ်ဦးခြင်းစျေး) | $ ၁.၇၅ |
| Trip Tiks (လူအုပ် ၄၀ စျေး) | $ ၅၀.၀၀ | Trip Tiks (လူအုပ် ၄၀ စျေး) | $ ၇၀.၀၀ |
| Trip Tiks (လူအုပ် ၄၀ လျော့စျေး) - *လူမှုဝန်ဆောင်ရေး အဖွဲ့အစည်းများ အတွက် သီးသန့်* | $ ၂၄.၀၀ | Trip Tiks (လူအုပ် ၄၀ လျော့စျေး) - *လူမှုဝန်ဆောင်ရေး အဖွဲ့အစည်းများ အတွက် သီးသန့်* | $ ၃၄.၀၀ |

| အိမ်တိုင်ရာရောက်-သယ်ယူပို့ဆောင်ရေး ကားခသတ်မှတ်ချက်မှု | | | |
|---|---|---|---|
| **လက်ရှိ** | | **အဆိုပြုတင်ပြချက်** | |
| တစ်ကြိမ်စျေး(မနက် ၅နာရီ-ည ၇နာရီ) | $ ၇.၀၀ | တစ်ကြိမ်စျေး(မနက်၅နာရီ-ည၇နာရီ) | $ ၇.၀၀ |
| တစ်ကြိမ်စျေး (ည ၇ နာရီ- ၁၂ နာရီ) | $ ၅.၀၀ | တစ်ကြိမ်စျေး (ည ၇ နာရီ- ၁၂ နာရီ) | $ ၅.၀၀ |
| ADA နှင့် လျော့စျေး | $ ၂.၀၀ | ADA နှင့် လျော့စျေး | $ ၃.၀၀ |
| ၁၀ ကြိမ်စျေး (ပုံမှန်) | $ ၅၀.၀၀ | ၁၀ ကြိမ်စျေး (ပုံမှန်) | $ ၅၀.၀၀ |
| ၁၀ ကြိမ်စျေး (လျော့စျေး) | $ ၂၀.၀၀ | ၁၀ ကြိမ်စျေး (လျော့စျေး) | $ ၃၀.၀၀ |

| | | | |
|---|---|---|---|
| ၂၀ ကြိမ်စျေး (ပုံမှန်) | $ ၁၀၀.၀၀ | ၂၀ ကြိမ်စျေး (ပုံမှန်) | $၁၀၀.၀၀ |
| ၂၀ ကြိမ်စျေး (လျှော့စျေး) | $ ၄၀.၀၀ | ၂၀ ကြိမ်စျေး (လျှော့စျေး) | $ ၆၀.၀၀ |

*လျှော့စျေးရရှိရန် အကျုံးဝင်သည့် လိုက်ပါစီးနင်းသူများသည် အသက် ၆၀ သို့မဟုတ် ပိုမိုအသက်ကြီးရမည်ဖြစ်သည် (ID လိုအပ်ပါသည်) ခိုင်လုံသည့် Medicare ကဒ် သို့မဟုတ် ကားခလျှော့စျေး BCT ID ကဒ် ပြရပါမည်။

ဘက်တဲလ်ခရိမြို့တော် ကော်မရှင်သည် ဧပြီလ ၁၉ ရက်၊ ၂၀၂၂ ခုနှစ် ညနေ ၇ နာရီတွင် လူထုကြားနာပွဲအား လိပ်စာ အမှတ် ၁၀ မြောက်ဒစ်ဗစ်ရှင်လမ်း၊ ဘက်တဲလ်ခရိမြို့ 10 N. Division Street, Battle Creek တွင်ရှိသော မြို့တော် ခန်းမတတိယထပ်၊ မြို့တော်ကော်မရှင် အခန်း၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်၊ BCT အတွက် ကိုယ်စားပြု၍ ကားခ စျေးနှုန်းတိုးမြှင့်ခြင်းအဆိုတင်ပြချက်နှင့် စပ်လျဉ်းသည့်မှတ်ချက်များ လက်ခံကြားနာမည်ဖြစ်ပါသည်။အသေးစိတ် အချက်လက်အား BCT ရုံးခန်း၊ မြို့တော် စာရေးရုံး/မြို့တော်ခန်းမ၊ ဘက်တဲလ်ခရိမြို့တော်/သယ်ယူပို့ဆောင်ရေး အင်တာနက်စာမျက်နှာနှင့် မြို့လယ် ကားပြောင်းစီးဂိတ်ရှိ နားခိုရာနေရာများတွင် ဖော်ပြထားမည်ဖြစ်ပါသည်။

ဤအစည်းအဝေးပွဲသို့တက်ရောက်နိုင်ခြင်းမရှိပါက ပြောင်းလဲခြင်းအဆိုတင်ပြချက်နှင့် စပ်လျဉ်းသောမှတ်ချက်များ ကိုရေးသားပြီး မယ်လာရီ အေးဗစ်စ်၊ သယ်ယူပို့ဆောင်ရေး ဒါရိုက်တာ၊ BCT၊ ၃၃၉ အနောက် မစ်ရှီဂန်လမ်း၊ ဘက်တဲလ်ခရိမြို့၄၉၀၃၇ လိပ်စာ 339 W. Michgan Avenue, Battle Creek 49037 သို့လိပ်မူ၍ စာပို့ခြင်း သို့မဟုတ် mravis@battlecreekmi.gov သို့ အီးမေးလ်ရေးခြင်းပြုလုပ်နိုင်ပါသည်။ မှတ်ချက်ရေးသားမှုအားလုံးကို ဧပြီလ ၁၈ ရက်၊ ၂၀၂၂ ခုနှစ် ထက်နောက်မကျစေပဲ လက်ခံရရှိရန်လိုအပ်ပါသည်။

ဤလူထုကြားနာပွဲသို့ တက်ရောက်ရန် အခမဲ့သယ်ယူပို့ဆောင်ရေးအတွက် (၂၆၉) ၉၆၆-၃၄၇၄ သို့ ဧပြီလ ၁၈ ရက်၊ ၂၀၂၂ ခုနှစ် ညနေ ၅ နာရီထက်နောက်မကျစေပဲ ဖုန်းခေါ်ဆို၍ ဆက်သွယ်နိုင်ပါသည်။ BCT သည် ကျိုးကြောင်းဆီလျော် သော လိုအပ်မည့် အကြားအာရုံအထောက်အကူပြုပစ္စည်းများနှင့် ဝန်ဆောင်မှုများစီစဉ်ထားမည်ဖြစ်ပါသည်၊ ဥပမာ အကြားအာရုံချို့ယွင်းသူများအတွက် လက်သင်္ကေတဘာသာ စကားပြန်များ၊ ကြီးမားသည့် ဆိုင်းဘုတ်၊ မျက်မမြင် ဖတ်စာ၊ သို့မဟုတ် ပုံနှိပ်ထုတ်ထားသည့်စာများ၏အသံတိတ်ခွေ စသည်တို့အား အစည်းအဝေးမတိုင်မီ ၇ ရက်အလို တွင် BCT သို့တောင်းဆိုနိုင်ပါသည်။ အကြားအာရုံအထောက်အကူပစ္စည်းများနှင့် အခြားဝန်ဆောင်မှုများ လိုအပ်မည့် အစည်းအဝေးတက်ရောက်လိုသူများသည် BCT အား ၇ ရက်ကြိုတင်၍ ခရစ်စတီ ဂရက်စ်တီနီ၊ ရွှေ့လျားသွားလူမှု မန်နေဂျာ၊ BCT သို့ (၂၆၉) ၉၆၆-၃၄၈၉ သို့ခေါ်ဆိုခြင်း သို့မဟုတ် klgrestini@battlecreekmi.gov သို့ အီးမေးလ်ပို့ ခြင်းပြုလုပ်နိုင်ပါသည်။